# ရွှေရတု
# မြန်မာ့ကျောက်မျက်ရတနာပြပွဲ

## ပြပွဲကျင်းပမှု သမိုင်းအကျဉ်း

ပထမဆုံးအကြိမ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၁၉၆၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ပါသည်၊ သာမန်အားဖြင့် တစ်နှစ်လျှင် ရတနာပြပွဲတစ်ပွဲသာကျင်းပခဲ့သော်လည်း နောင်တွင် နှစ်လယ်ရတနာပြပွဲ၊ အထူးရောင်းချပွဲများပါ ကျင်းပ ပြုလုပ်ခဲ့ပါသည်၊ ပြပွဲတွင် မြန်မာနိုင်ငံမှထွက်သော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲများကို တင်ဒါစနစ်၊ လေလံစနစ်တို့ဖြင့် နိုင်ငံခြားငွေနှင့် ရောင်းချပါသည်၊



၁၉၆၄ ခုနှစ် ပထမအကြိမ်ရတနာပြပွဲမှ ၁၉၉၃ ခုနှစ်(၃၀) ကြိမ်မြောက်ရတနာပြပွဲထိ ပြပွဲပေါင်း(၃၀)ကို အင်ယားလိပ်ဟိုတယ်တွင် ကျင်းပခဲ့ပါသည်။



၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ နှစ်လယ်ပြပွဲမှ ၂၀၀၆ခုနှစ်၊ (၄၃)ကြိမ်မြောက်ပြပွဲထိပြပွဲပေါင်း(၃၅)ပွဲကိုကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမတွင် ကျင်းပခဲ့ပါသည်။



ရတနာပြပွဲသို့ တက်ရောက်လာသည့် ရတနာကုန်သည်များ ပြားလာခြင်း၊ တင်ပြရောင်းချသော ကျောက်စိမ်းအတွဲများ များပြားလာခြင်းကြောင့် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာသို့၂၀၀၆ ခုနှစ်၊ ဇွန်–ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲမှစ၍ ပြောင်းရွှေ့ကျင်းပခဲ့ပါသည်။ ၂၀၁၀ခုနှစ်၊ ဇွန်–ဇူလိုင်အထူးရောင်းချပွဲထိပြပွဲပေါင်း(၁၃)ပွဲကျင်းပခဲ့ပါသည်။



၂၀၁၀ခုနှစ်၊ နှစ်လယ်ရတနာပြပွဲမှစ၍ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပခဲ့ရာ ယခု ၂၀၁၃ ခုနှစ် (၅၀)ကြိမ်မြောက် ရွှေရတု ကျောက်မျက်ရတနာပြပွဲမတိုင်မီထိ ပြပွဲပေါင်း(၇)ကြိမ်ကျင်းပခဲ့ပါသည်။

စတင်ကျင်းပခဲ့သည့် ၁၉၆၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ရွှေရတု (၅၀) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲမပါ ပြပွဲစုစုပေါင်း(၈၅) ပွဲကို ကျင်းပနိုင်ခဲ့ပါသည်၊





## မဏိရတနာကျောက်စိမ်းခန်းမ ဆိုင်ရာအချက်အလက်များ

| | | |
|---|---|---|
| တည်နေရာ | - | ရာဇသင်္ဂဟလမ်းမကြီး (သပြေကုန်းအဝိုင်းအနီး) ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ |
| အကျယ်အဝန်း | - | (၂၁.၄၂)ဧက |
| အလျား | - | (၅၅၀)ပေ |
| အနံ | - | (၄၆၀) ပေ |
| အမြင့် | - | (၁၁၀) ပေ |
| အမျိုးအစား | - | Steel Structure (Three-Storey) |




### ပုလဲတွဲရောင်းချခြင်း

၂၀၁၃ခုနှစ်၊ ဇွန် ၁၅ မှ၁၇ ထိ (၀၉း၀၀)မှ (၁၇း၀၀)နာရီထိ – ပုလဲအတွဲများကိုကြည့်ရှုစစ်ဆေးခြင်း ဈေးနှုန်း အဆိုပြုလွှာများ တင်သွင်းခြင်း တင်ဒါစနစ်၊ လေလံစနစ်ဖြင့် ရောင်းချခြင်း

### ကျောက်မျက်တွဲရောင်းချခြင်း

၂၀၁၃ခုနှစ်၊ ဇွန် ၁၅ရက်မှ ၁၉ ရက်ထိ (၀၉း၀၀)မှ (၁၇း၀၀)နာရီထိ – ကျောက်မျက်အတွဲများကိုကြည့်ရှုစစ်ဆေးခြင်း ဈေးနှုန်း အဆိုပြုလွှာများ တင်သွင်းခြင်း တင်ဒါစနစ်၊လေလံစနစ်ဖြင့် ရောင်းချခြင်း

### ကျောက်စိမ်းတွဲရောင်းချခြင်း

၂၀၁၃ခုနှစ်၊ ဇွန် ၁၅ ရက် မှ၂၇ ရက်ထိ (၀၈း၀၀)မှ (၂၀း၀၀)နာရီထိ – ကျောက်စိမ်းအတွဲများကိုကြည့်ရှုစစ်ဆေးခြင်း ဈေးနှုန်း အဆိုပြုလွှာများ တင်သွင်းခြင်း တင်ဒါစနစ်၊ လေလံစနစ်ဖြင့် ရောင်းချခြင်း



### ရတနာကုန်သည်များ မှတ်ပုံတင်ခြင်း

မဏိရတနာကျောက်စိမ်းခန်းမ အဝင် မှတ်ပုံတင်သည့် အဆောက်အဦတွင် ၂၀၁၃ ခုနှစ်၊ ဇွန်လ (၅)ရက်မှ (၁၄)ရက်ထိ ပြည်တွင်း/ပြည်ပကုန်သည်များကို မှတ်ပုံတင်ဆောင်ရွက်ပေးပြီး RFID Card များ စိစစ်ထုတ်ပေးပါမည်။






### ရတနာပြပွဲသို့ ဝင်ရောက်ခြင်း

၂၀၁၃ ခုနှစ်၊ ဇွန်လ(၁၅)ရက်မှ (၂၇)ရက်နေ့အထိ နံနက် (၀၇း၃၀)နာရီမှ (၁၇း၃၀)ထိ ဝင်/ထွက်ခွင့်ပြုပါမည်။ ခန်းမဝင်းအတွင်း ဝင်ရောက်ရာတွင် RFID Shutter Gate များ၌ RFID Card အသုံးပြု Finger Print နှိပ်၍ ဝင်/ထွက်ရပါမည်။



### ကျောက်စိမ်းအတွဲများ စစ်ဆေးကြည့်ရှုခြင်း

တင်ဒါစနစ်၊ လေလံစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို မဏိရတနာဝင်းအတွင်းရှိ Jade Yard များ၊ မဏိရတနာကျောက်စိမ်းခန်းမအတွင်းရှိ ကျောက်စိမ်းများခင်းကျင်းထားသော အခန်းများတွင် ကြည့်ရှုနိုင်ပါသည်။ နေ့စဉ် တင်ဒါစနစ်၊ လေလံစနစ်ဖြင့် ရောင်းချပြီးသော ကျောက်စိမ်းအတွဲများကို ရောင်းချပြီးချိန်မှစ၍ ကြည့်ရှုလေ့လာခွင့်မပြုပါ၊